# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 20, 2019 Volume 26, Number 15


| ၂၀.၁၂.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၃/- ကျပ် |
| CBM Rate | = ၁၄၉၉.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၆.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လ | = ၁၀၃၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၉၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၇၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## လာမည့်ဇန်နဝါရီတွင် ပြည်ပနိုင်ငံငါးခုကို ဆိုက်ရောက်ဗီဇာ ထပ်ခွင့်ပြုမည်

ပြည်ပနိုင်ငံငါးခုမှ ကမ္ဘာလှည့်ခရီးသည်များကို လာမည့်ဇန်နဝါရီလ ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဖြေလျှော့ဝင်ရောက်ခွင့်ပြုရန် စီစဉ်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနထံမှ သိရသည်။ ဆိုက်ရောက်ဗီဇာစနစ် ထပ်မံဝင်ရောက်ခွင့်ပြုမည့်နိုင်ငံများမှာ ချက်၊ လူဇင်ဘတ်၊ နယူးဇီလန်၊ ဟန်ဂေရီနှင့် ဩစတြီးယားနိုင်ငံတို့ဖြစ်သည်။ ''အရင်တုန်းကတော့ ဗီဇာဖြေလျှော့တာက တစ်နှစ်အနေနဲ့ စမ်းသပ်တယ်။ နောက်မှ သက်တမ်းထပ်တိုးတယ်။ အခုနိုင်ငံတွေကိုတော့ သုံးနှစ်စခွင့်ပြုထားတယ်''ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်အရေးကြောင့် ထိခိုက်ခဲ့သော ခရီးသွားလုပ်ငန်းကို ဗီဇာဖြေလျှော့မှုများဖြင့် ပြန်လည်ကုစားရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ ''အခုခွင့်ပြုလိုက်တဲ့နိုင်ငံတွေက မြန်မာနိုင်ငံကို အများကြီးလာတဲ့ နိုင်ငံမဟုတ်ပေမဲ့ သုံးနှစ်သက်တမ်းကြောင့် ခရီးသွားဈေးကွက်ဖော်လို့ရနိုင်မယ်''ဟု ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက ဆိုပါတယ်။

**Source:** https://myanmar.mmtimes.com/news/132613.html

## " Big Bad Wolf Book Sale " အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့်သုမနလမ်းထောင့်ရှိ Myanmar Expo Hall (Fortune Plaza)တွင် Ready 2 Read (Myanmar) Co., Ltd မှ " Big Bad Wolf Book Sale အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော်ကို အခြားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်ပူးပေါင်း၍ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှ (၂၀) ရက်နေ့ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မလေးရှားနိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဘာသာရပ်မျိုးစုံစာအုပ်များ၊ လိုအပ်သောစားပွဲများ၊ ဈေးရောင်း POS ကွန်ပျူတာများ၊ ဘောက်ချာထုတ် Printer များကို ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

**Source: MYANTRADE –TIR**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မင်းဘူးဒေသတွင် ခရမ်းချဉ်သီးထွက်နှုန်းလျော့သဖြင့် တစ်ပိဿာကျပ် ၁၆၀၀ အထိ ဈေးတက်လာ



မင်းဘူးဒေသတွင် ခရမ်းချဉ်သီးထွက်ရှိမှု လျော့နည်းကျဆင်းခဲ့သဖြင့် လက်ရှိတစ်ပိဿာကျပ် ၁၆၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း မင်းဘူးမြို့ သီးနှံပွဲရုံများမှသိရသည်။ "ပြီးခဲ့တဲ့ နှစ်လလောက်အထိ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၆၀၀၊ ၇၀၀ လောက်ပဲရှိခဲ့တယ်။ အခုဒေသမှာ ခရမ်းချဉ်စိုက် တောင်သူနည်းသွားလို့ ထွက်ရှိမှုလည်း နည်းသွားခဲ့တာပါ။ အရင်နှစ်က ဒေသ တစ်ခုလုံးစိုက်ပျိုးကြပြီး ထွက်ရှိချိန်မှာ တစ်ပိဿာကျပ် ၃၀၀၊ ၄၀၀ လောက် အထိ ဈေးကျတော့ တောင်သူတွေ အရှုံးပေါ်ခဲ့ကြတယ်။ ဒါကြောင့် ဒီနှစ် စိုက်တဲ့သူနည်းလို့ အထွက်လည်းနည်းတာကြောင့် အခုချိန်မှာ ဈေးပြန်လည် မြင့်တက်ခဲ့တာဖြစ်ပါတယ်"ဟု မင်းဘူးမြို့မ ဈေးကြီးမှ သီးနှံပွဲရုံပိုင်ရှင်ဒေါ်မြင့်ကပြောသည်။ "ကျွန်မတို့နယ်ကထွက်ရှိတဲ့ ခရမ်းချဉ်သီးက အသီးရော အရောင်ပါမလှတာကြောင့် ပွဲရုံဈေး တစ်ပိဿာ ကျပ် ၁၄၀၀၊ ၁၆၀၀ ဈေးပဲရတယ်။ ရှမ်းပြည်နယ် အောင်ပန်း ဘက်ကထွက်ရှိတဲ့ ခရမ်းချဉ်သီးကိုမှာယူပြီး ပြန်လည်ရောင်းချနေပါတယ်။ ရှမ်းပြည်နယ်ကထွက်တဲ့ ခရမ်းချဉ်သီး က အရောင်ရောအလုံးပါလှတော့တစ်ပိဿာ ကျပ် ၁၈၀၀ ဈေးအထိ ရပါတယ်" ဟု ၎င်းကပြောသည်။

မနှစ်က တိုင်ထောင်ခရမ်းချဉ် မျိုးအပင် ၃၀၀၀ လောက်ထိစိုက်ခဲ့ပါတယ်။ ကျပ်လေးသိန်းကျော်လောက် ကုန်ကျခဲ့ပါတယ်။ ခရမ်းချဉ်သီးက နှစ်လခွဲသားလောက်ဆို အသီးခူးဆွတ်လို့ရပါပြီ။ ပေါ်စမှာတစ်ပိဿာ ကျပ် ၉၀၀၊ ၁,၀၀၀ ဈေးနဲ့ ရောင်းပါ တယ်။ နောက်ပိုင်း တစ်ပိဿာကျပ် ၃၀၀၊ ၄၀၀ လောက်ပဲ ဈေးရခဲ့တယ်။ ဒီနှစ်တော့ အပင် ၁၀၀၀ လောက်ပဲစိုက်ပါတယ်။ အခင်းထဲမှာတော့ တစ်ပိဿာကျပ် ၁၀၀၀၊ ၁၂၀၀ ဈေးတွေနဲ့ ရောင်းချပေးပါတယ်ဟု မင်းဘူးမြို့နယ် ခရမ်းချဉ်စိုက်တောင်သူ ကိုကျော်ဝင်းထွန်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/132622.html

## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှု မျှော်မှန်းထားသည့်ပမာဏထက် ကျော်လွန်ခဲ့

မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံကုန်သွယ်မှု ၂၀၂၀ ပြည့်နှစ်အတွက် မျှော်မှန်းထားသည့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထက် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုကပြောသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိ နေသည့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်အား ဒီဇင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ယင်းသို့ပြောခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံခန့် ရောက်ရှိမည်ဖြစ်၍ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၆ ဒသမ ၅ ဆ တိုးတက်လာခဲ့ကြောင်း၊ ယင်းပမာဏသည် ၂၀၂၀ ပြည့်နှစ်တွင် မိမိတို့မျှော်မှန်းထား သည့် ကုန်သွယ်မှုပမာဏဖြစ်သည့် အမေရိကန်ဒေါ်လာတစ်ဘီလီယံကို ကောင်းစွာကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ၎င်းကပြော သည်။

ထို့အပြင်အမျိုးအစားစုံလင်သည့် ဗီယက်နမ်ကုန်သွယ်ရေးလုပ်ငန်းပေါင်း ၂၂၀ ကျော်သည်လည်း မြန်မာနိုင်ငံ၏ ဈေးကွက် အတွင်းတွင် ကောင်းစွာလည်ပတ်နေပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက်အကြီးဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ကာ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် ဗီယက်နမ်စီမံကိန်း ၁၈ ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံခန့် ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံနှင့် သတ္တမမြောက်အကြီးဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ်ရပ်တည်လျက် ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132627.html

## အိန္ဒိယကို မတ်ပဲ၊ စားတော်ပဲတင်ပို့မှုကောင်းမွန်သော်လည်း ပဲစင်းငုံအရောင်းအဝယ် ရပ်လုနီးပါးဖြစ်

အိန္ဒိယနိုင်ငံကို တင်ပို့ရောင်းချနေတဲ့ မတ်ပဲဈေးကွက်နဲ့ ကနေဒါစားတော်ပဲ ဈေး ကွက်ကောင်းမွန်နေပြီး ပုံမှန်တင်ပို့နေရပေမဲ့ ပဲစင်းငုံဈေးကွက်ကတော့အေးနေပြီး အရောင်းအဝယ်ရပ်တန့်လုနီးပါးဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံ ကို မတ်ပဲတင်ပို့ရာမှာ ဈေးနှုန်းအတက်အကျတွေရှိပေမဲ့ အရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ ရွှေစင်သိန်းပဲပွဲရုံ ပိုင်ရှင် ဦးကျော်သွင်ကပြောပါတယ်။ မတ်ပဲဈေးနှုန်းက ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း သုံးတင်းတစ်အိတ်ကို ကျပ် ၉၀၀၀၀ ဝန်းကျင်အထိ ကျဆင်းပါတယ်။ အခုရက်ပိုင်းမှာ တစ်သိန်းအထက်ကို ပြန်ရောက်လာပြီလို့ဆိုပါတယ်။ ဦးကျော်သွင်က "မတ်ပဲက ဈေးပြန်ကောင်းလာပြီ၊ ၁၂၀၀၀၀ ကျော်ကနေ ၁၀၀၀၀၀ အထိ ပြန်ကျတယ်၊ ၁၀၀၀၀၀ မှာ ရပ်နေပြီး ၉၀၀၀၀ ဝန်းကျင်အထိ ကျသေး တယ်၊ ခု ၁၀၅၀၀၀ ပြန်ဖြစ်လာပြီ၊ မတ်ပဲအနေနဲ့က စိုးရိမ်စရာမရှိဘူး၊ ပဲစင်းငုံကတော့ အခုတော်တော်လေးကို အရောင်းအဝယ်မရှိဖြစ်နေတယ်၊ ရောင်းချင်တဲ့သူကများပြီး ဝယ်ချင်သူမရှိဘူး၊ အရင် ရက်တွေက ဈေးကိုမပေါက်ဘူး" လို့ပြောပါတယ်။

လာမယ့် လပိုင်းအတွင်းမှာ ပဲစင်းငုံအသစ်တွေ ထွက်ပေါ်လာမှာပါ။ အဲသည်ပဲစင်းငုံတွေက အရည်အသွေး ကောင်းမွန်တာကြောင့် ကုန်သည်အများစု ပဲစင်းငုံအသစ်ကို စောင့်နေတာလို့ ပဲကုန်သည်တစ်ဦးက ပြောပါတယ်။ သူက "ခုထွက်မယ့်ပဲက အရမ်း ကောင်းတယ်၊ မိုးလွတ်လေလွတ်ပဲ၊ အဲဒီတော့ အဟောင်းကို သိပ်မဝယ်ချင်တော့ဘူး၊ အသစ်ကို စောင့်နေတာ၊ ခုက ပဲစင်းငုံဈေးမပေါက်သလိုဖြစ်နေတယ်၊ မတ်ပဲကတော့ ပုံမှန်ပဲ၊ သူ့ဟာနဲ့သူတော့ အရောင်းအဝယ်ဖြစ်နေတယ်"လို့ဆိုတယ်။ လတ်တလောမှာ အစိုးရက တင်သွင်းခွင့်ပိတ်ထားတာကြောင့် တရုတ်နိုင်ငံက တစ်ဆင့် ပြန်လည်တင်သွင်းနေရတဲ့ ကနေဒါစားတော်ပဲကလည်း အိန္ဒိယဈေးကွက်ကို ၆၀ ရာခိုင်နှုန်းလောက် ပြန် လည်တင်ပို့ရောင်းချရတယ်လို့ ဦးကျော်သွင်ဆီကသိရတယ်။ သူက "အရင်က ရန်ကုန်ကနေဝင်တယ်၊ ခုက အစိုးရ က တင်သွင်းခွင့်ပိတ်တော့ တရုတ်ကနေ နေ့စဉ်အိတ် ထောင်ဂဏန်းကြီးလောက် ဝင်တယ်၊ အဲဒီထဲက ၆၀ ရာခိုင်နှုန်းလောက်က အိန္ဒိယဈေးကွက်ကိုသွားတယ်၊ ကျန်တဲ့ဟာက ပြည်တွင်းစားတော်ပဲနေရာမှာ အစားထိုးသုံးတယ်"လို့ ပြောပါတယ်။

ကနေဒါစားတော်ပဲကို ရန်ကုန်ကနေ တိုက်ရိုက်တင်သွင်း ရင် တစ်အိတ်ကို ကျပ် ၅၀၀၀၀ ကျော်သာ ဈေးကွက် ရှိပေမဲ့ တင်သွင်းခွင့်ပိတ်ထားတာကြောင့် တရုတ်ကနေ ပြန်လည်တင်သွင်းတဲ့အခါ ကုန်ကျစရိတ် ပိုများတယ်လို့ ဆိုတယ်။ ကုန်ကျစရိတ်ကြောင့် ဈေးကွက်ထဲမှာ ကျပ် ၆၀၀၀၀ ကျော်ရှိနေပြီး ပြီးခဲ့တဲ့ နှစ်လခန့်က ကျပ် ၈၀,၀၀၀ ကျော် အထိ ဈေးတက်ခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-36454?fbclid=IwAR3YJr1pCdYBjUNbtYG_ wvm NorduqPRXs Cyih_Mm63bIBZOIb86Q9ocnSI4

## မယ့်ဟောင်ဆောင်- မယ်စဲ့နယ်စပ်ဂိတ် တရားဝင်ဖွင့်လှစ်နိုင်ရန်ညှိနှိုင်းနေ

ထိုင်းနိုင်ငံ မယ့်ဟောင်ဆောင်နှင့် ကယားပြည်နယ် မယ်စဲ့မြို့ကို ဆက်သွယ်ထားသည့် နယ်စပ်ကုန်သွယ်ရေး BP-13 ဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အဖြစ် တရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် ၂ နိုင်ငံ ညှိနှိုင်းနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (လွိုင်ကော်) ရုံးခွဲမှသိရသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (လွိုင်ကော်) ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က "သံတမန် နည်းလမ်းအရ ဆောင်ရွက်နေပါတယ်။ ကျနော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းနေပါတယ်။ ထိုင်းဘက်ကခင်းနေတဲ့ လမ်းကတော့ အခုလကုန်ဆိုရင်ပြီးပြီ။ လမ်းဖွင့်ပွဲနဲ့အတူ ဂိတ်ကိုဖွင့်နိုင်အောင် တင်ပြထားတယ်။ လောလောဆယ် ညွှန်ကြားချက်တော့မလာသေးဘူး"ဟု ရှေ့ဝတီသို့ပြောသည်။

အဆိုပါ နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်နိုင်မည်ဆိုလျှင် ကယားပြည်နယ် ခရီးသွားလုပ်ငန်းအတွက် အများကြီး တိုးတက်နိုင်သည့်အပြင် စီးပွားရေးအနေဖြင့်လည်း နှစ်နိုင်ငံကုန်သွယ်မှုလမ်းကြောင်းများ ကောင်းမွန်လာနိုင်မည် ဖြစ်ကြောင်း ၎င်းကသုံးသပ်သည်။ "မယ်ဟောင်ဆောင်ကို ခရီးသွားက တစ်နှစ်ကို လူဦးရေ ၃ သန်းလောက်လာတယ်။ အဲဒီတော့

အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ် ဖြစ်မယ်ဆိုရင် သူတို့ဆီလာတဲ့ ခရီးသွား ဒီဘက်ကို ၁ သန်း လောက်ပဲ ဝင်အုံး အကျိုး ရှိတယ်။ အခုက ကျနော်တို့ဆီကို တနှစ်လုံးမှာမှ လူဦးရေ ၁ သောင်း ကျော်လောက်ပဲဝင်တော့ အရမ်းကွာတယ်။ ဒါကြောင့် တရားဝင် ဖွင့်ပေးဖို့ ဆောင်ရွက် နေတယ်”ဟု ၎င်းကရှင်းပြသည်။

အဆိုပါ နယ်စပ်ဂိတ်ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မတ်လတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် ခရီးသွားလာခွင့်နှင့် ကုန်သွယ်ခွင့်စသည့်အချက်များပါဝင်သော သဘောတူညီချက် မူကြမ်း ၇ ချက်ကို နှစ်နိုင်ငံ MoU ရေးထိုးထားကြောင်း သိရသည်။ ဦးလင်းဇော်ထွဋ်က “နယ်စပ်ကုန်သွယ်ရေး မြို့လေးလိုဖြစ်နေတော့ နယ်မြေကတော့ ငြိမ်းချမ်း တယ်။ NCA လက်မှတ်မထိုးထားတဲ့ KNPP အဖွဲ့ကလည်း ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ပတ်သက်လို့ မနှောက်ယှက်ဘူး။ ဝိုင်းဝန်း ကူညီ ပေးမယ်လို့ လည်း ပြည်နယ် အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့ စာတွေပို့ထားတာလည်း ရှိတယ်”ဟုပြောသည်။ လာမည့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် ကယားပြည်နယ်နေ့ အခမ်းအနားတွင်လည်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင် ၁၀၀ ခန့် ဖိတ်ကြားထားပြီး၊ ယင်းနေ့တွင် မယ်စဲ့နယ်စပ်ဂိတ် တရားဝင်ဖြစ်ရေးကိစ္စလည်း ဆွေးနွေးသွားမည် ဖြစ်ကြောင်းသိရသည်။ KNPP ဖွံ့ဖြိုးရေးတာဝန်ခံ ဦးခူညေးက “BP-13 ဂိတ်ကိစ္စက အရင်တုန်းကတော့ ဆွေးနွေးဖြစ် တယ်။ အခုတော့ မဆွေး နွေးဖြစ်ဘူး။ အစိုးရဘက်ကတော့ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် အာဏာပိုင်နဲ့ အမြဲတမ်း ညှိနေတာပဲ။ ထိုင်းဘက်က နယ်စပ်ဂိတ်ထိ ဖောက်ဖို့ ၉ မီတာကျန်တယ်။ ကျနော် အယူအဆကတော့ ထိုင်းက နိုင်ငံရေး အခြေအနေ ကို စောင့်ကြည့် နေတယ်လို့ ပဲ ယူဆတယ်။ ဒါကြောင့် ကျန်တဲ့ ၉ ကီလိုမီတာ ကို မဖောက်သေးဘူူး”ဟု ပြောသည်။ ဆက်လက်၍ ၎င်းက “အသေးစိတ် ကျနော်တို့က မသိဘူး။ အရင်ထဲက ခရီးသွား ဖွံ့ဖြိုးဖို့ သဘောတူထားတာဆိုတော့ ကျနော်တို့ကတော့ ဘာမှ ပြောစရာ မရှိပါဘူး။ လောလော ဆယ် တော့ ကျနော်တို့ နဲ့ အစိုးရ ဆွေးနွေး ထားတာ မရှိဘူး” ဟု ပြောသည်။

လက်ရှိ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေး ဂိတ်သည် မြန်မာနိုင်ငံဘက်မှ တရားဝင်ဖြစ်သော်လည်း ထိုင်းနိုင်ငံဘက်က ယာယီ ကုန်သွယ်ရေးဂိတ် သာဖြစ်ကြောင်း ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာန (ကယားပြည်နယ်) မယ်စဲ့နယ်စပ်ဂိတ် ဦးစီးအရာရှိ ဦးစိုးနိုင်က ဧရာဝတီသို့ ပြောသည်။ “အပြည်ပြည်ဆိုင်ရာ လူဝင်/ထွက် ဂိတ်ပေါက်အဖြစ် အရင်ညှိပြီးမှ တရားဝင် ကုန်သွယ်ရေး ဂိတ်လုပ်မယ် ကြားတယ်။ အခု သူတို့ဘက်က ယာယီဖြစ်တယ်။ နှစ်နိုင်ငံ အစည်းအဝေးတွေ မှာတော့ ဒါကို အမြဲ ဆွေးနွေးပါတယ်။ ကျနော်ကြား သလောက်တော့ ထိုင်းဘက်မှာ ရှိတဲ့ ဘုရင့် သစ်တောထဲမှာ ဖောက်ထားတဲ့ လမ်းကြောင့်လို့ ကြားတယ်။ ဘုရင့် သစ်တောလမ်း ဆိုတော့ ဖောက်ရင် သူတို့က ဥပဒေတွေ ဘာတွေ ပြင်ဆင်တာ ပယ်ဖျက်တာမျိုး လုပ်ရမှာ ဒါကြောင့် ကြန့်ကြာနေတာလား မသိဘူး”ဟု ၎င်းကသုံးသပ်သည်။ လတ်တလောတွင် ကုန်သွယ်မှုအနေဖြင့် ကုန်ဝင် ကုန်ထွက် ရှိသော်လည်း တရားဝင် ဖွင့်လှစ်ထားခြင်း မဟုတ်သောကြောင့် မြန်မာဘက်မှ ထိုင်းသို့ကုန်ပစ္စည်း တင်ပို့မည်ဆိုလျှင် မယ်ဟောင်ဆောင်ခရိုင်သို့ အရင်ဆုံးတင်ပြတောင်းဆိုရသဖြင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကြန့်ကြာသည့်အခြေအနေ ဖြစ်ကြောင်းလည်း သိရသည်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၁ သန်းနှင့် သွင်းကုန် ဒေါ်လာ ၀ ဒသမ ၅ သန်း ကုန်သွယ်မှု ပြုလုပ်ရန် သတ်မှတ်ထားပြီး နှစ်လအတွင်း ဒေါ်လာ ၀ ဒသမ ၅၇၄ သန်း ကုန်သွယ်မှု ပြုလုပ်ထားကြောင်း မယ်စဲ့နယ်စပ် ကုန်သွယ်ရေး ဂိတ်စခန်းတာဝန်ခံလည်းဖြစ်သူ ဦးစိုးနိုင်ကပြောသည်။ ကုန်သွယ်မှုအနေနှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဖြစ်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ ပဲမျိုးစုံနှင့်ပြောင်းများ ထိုင်းနိုင်ငံသို့တင်ပို့ပြီး သွင်းကုန်အနေနှင့် အချိုမှုန့်၊ ကော်ဖီမစ်၊ အချိုရည်နှင့် ဓာတ်မြေသြဇာများ ဝင်ရောက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူ စာချုပ်အရ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက် အဖြစ် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း၊ ထီးခီး-ဖူနာရွန် နယ်စပ်ဂိတ် ၄ ခုသာ လက်မှတ်ရေးထိုး ဖွင့်လှစ် ထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/12/20/211142.html

## တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ရေနံစိမ်းတန်ချိန် (၅) သန်း တင်ပို့ထား



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တဆင့်ရေနံစိမ်း တန်ချိန် (၅) သန်းတင်ပို့ခဲ့ပြီး နှစ်စဉ် (၂ ဒသမ ၇) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန် ပြည်နယ် ကူမင်းအကောက်ခွန်ဌာန၏ ပြောကြားချက်အရသိရပါတယ်။ အကောက်ခွန်ကိန်းဂဏန်းများအရ သွင်းကုန်တန်ဖိုးမှာ ယွမ် (၁၇.၂၇) ဘီလီယံ (အမေရိကန်ဒေါ်လာ ၂.၅၁ ဘီလီယံ) ရှိခဲ့ပြီး တစ်နှစ်လျှင် (၉.၂) ရာခိုင်နှုန်း မြင့်တက်ကာ ပျမ်းမျှတင်သွင်းမှု တန်ချိန် (၃၄၉၉.၂) ယွမ် တစ်နှစ် (၆.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့တင်သွင်းမှုမှာ တန်ချိန် (၁.၆၈) သန်း (ကုဗမီတာ ၂.၅ ဘီလီယံ) ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် (၂.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ စုစုပေါင်းတန်ဖိုးအားဖြင့် ယွမ် (၅.၈၉) ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် (၁၁.၇) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရပါတယ်။ ပျမ်းမျှသွင်းကုန်စျေးမှာ တစ်တန်ကို (၃၄၉၉.၂) ယွမ်ရှိခဲ့ပြီး တစ်နှစ် (၁၄.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

၂၀၁၇ ခုနှစ်ကစပြီး ကီလိုမီတာ (၁၂၂) ရှိတဲ့ တရုတ်-မြန်မာရေနံပိုက်လိုင်းမှတဆင့် ရေနံစိမ်းများ တရုတ်နိုင်ငံထဲသို့ စတင်ဝင်ရောက်ခဲ့ကာ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ၎င်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်လည်ပတ်ခဲ့ပါတယ်။ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၏ ဌာနခွဲ Dehong ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးဌာန၏ အဆိုအရ တရုတ်နိုင်ငံအနေနဲ့ ရေနံစိမ်းတန်ချိန် (၁၉) သန်းကျော်နှင့် သဘာဝဓာတ်ငွေ့ကုဗမီတာ (၂၀) ဘီလီယံကျော်ကို တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတဆင့် တင်သွင်းခဲ့ကြောင်း သိရပါတယ်။

**Source:** https://www.logisticsguide.com.mm/en/industry-news/local-industry/224413-china-myanmar-oil-and-gas-pipeline-exports-5-million-tonnes-of-crude-oil.html?fbclid=IwAR1uQlwUKz8H8ab17FmeeQV_Ofjea-uJEowVpvgVhr7XIegaG3kdEYEv1aU

## တရုတ်အပါအဝင် နိုင်ငံခြောက်နိုင်ငံက ရန်ကုန်တိုင်းတွင် ဒေါ်လာ ၂၉ သန်းကျော် ရင်းနှီးမြှုပ်နှံမည်

တရုတ်နိုင်ငံ အပါအဝင် ခြောက်နိုင်ငံမှ လုပ်ငန်း ၁၄ ခုက ရန်ကုန်တိုင်းတွင် ကန်ဒေါ်လာ ၂၉ သန်းကျော် ရင်းနှီးမြှုပ်နှံရန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဒီဇင်ဘာ ၁၈ ရက်တွင်ခွင့်ပြုခဲ့သည်။ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျာမနီနှင့်မလေးရှားနိုင်ငံမှ ကုမ္ပဏီများလာ ရောက် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ လက်ခစားစနစ်ဖြင့် အထည်ချုပ်လုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၈၅၈၂ ဦးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများခွင့်ပြုခြင်းဖြစ်သည်။ ရန်ကုန်တိုင်း၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် တရုတ်နိုင်ငံက အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားထားသည်။

ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပထမနှစ်လအတွင်း ဒေါ်လာတစ်ဘီလီယံကျော်ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် နှစ်ဆကျော် ပိုမိုမြင့်တက်ခဲ့သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၌ အများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံများသည် စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့ဖြစ်သည်။ လက်ရှိတွင် ကဏ္ဍ ၁၂ ခု၌ နိုင်ငံ ၅၀ က ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးသည် လျှပ်စစ်ကဏ္ဍဖြစ်ပြီး တတိယအများဆုံးသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်ဟု ကော်မရှင်ကဆိုသည်။

**Source:** https://7day.news/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%

## ရှင်မတောင်ဒေသထွက် သနပ်ခါးများ စျေးကောင်းရရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြို မြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက်သနပ်ခါးများ စျေးကောင်းရရှိလျက်ရှိကြောင်း ပခုက္ကူမြို့မစျေးကြီး အနောက်ဘက်အမှတ်(၈)ရပ်၊ ပန်းစွာတိုက် ဦးမေဃ ကျောင်းဝင်း သနပ်ခါးတန်းဇရပ်တွင် ရောင်းချနေ သည့် သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရေး ပွဲစားများထံမှသိရသည်။

အဆိုပါ သနပ်ခါးရောင်းဝယ်ရေးပြုလုပ်နေသည့် ဦးမေဃ ကျောင်းဝင်းဇရပ် သနပ်ခါးတန်းရှိ သနပ်ခါးရောင်းဝယ်ရေးပြုလုပ်နေသည့် စျေးသည်ဦးရေ ၁၀၀ ခန့်ရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံးရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက်သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဖောက်ပင်ရွာထွက် သနပ်ခါးများ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံပြီးလိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်တစ်လွှား ကောင်းမွန်စွာရပ်တည်နေသော သနပ်ခါးအမျိုးအစားဖြစ်ကြောင်း သနပ်ခါးပွဲစား ဒေါ်လှလှတင်က ပြောကြားသည်။

ဦးမေဃကျောင်းဝင်း သနပ်ခါးတန်းတွင် ဆယ်နှစ်ကျော်အထက် ရှင်မတောင် သနပ်ခါးမျိုးများသာ ရောင်းချနေခြင်းကြောင့် သနပ်ခါးပွဲစားတန်း နာမည်ရရှိနေခြင်းဖြစ်ကြောင်း၊ လက်လီ/လက်ကား တစ်နိုင်ငံလုံး အာမခံပြီး ရောင်းချကြကြောင်း၊ အရှည်တစ်ပေခွဲရှိ သနပ်ခါးတုံးများကို ငွေကျပ် ၈၀၀၀ မှ ၁၅၀၀၀ ကျပ်ထိ၊ သနပ်ခါးအတုံး၊ အပွေးပါရှိမှုတို့အပေါ်မူတည်၍ စျေးကောင်း ရရှိကြောင်း၊ အပွေးပါရှိမှုနည်းလျှင် စျေးလျှော့ရောင်းချကြရကြောင်း သနပ်ခါး ရောင်းချနေသူ ဒေါ်ချိုပြုံးက ပြောကြားသည်။

**Source:** https://www.facebook.com/MOIWebportalMyanmar/

## လာအိုလုပ်ငန်းရှင်များက မြန်မာ့လယ်ယာထွက်ကုန်များဝယ်ယူလို၍ လာရောက်ဆွေးနွေး



အာရှတောင် သတ္တုတူးဖော်ရေးကုမ္ပဏီက ဦးဆောင်ပြီး လာအိုနိုင်ငံက ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များက မြန်မာထံမှ လယ်ယာထွက်ကုန်များ ဝယ်ယူလို၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် နိုဝင်ဘာလအတွင်းက လာရောက်တွေ့ဆုံဆွေးနွေးကြောင်းသိရသည်။ အဆိုပါ လာအိုကုမ္ပဏီများက မြန်မာ့လယ်ယာထွက်ကုန်များကိုဝယ်ယူပြီး တရုတ်နိုင်ငံသို့ တစ်ဆင့် ပြန်လည်တင်ပို့မည်ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် လာအိုနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေသည့်အပြင် တရုတ်နှင့်လည်း ကုန်သွယ်မှုဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ထံမှ ကုန်စည်များဝယ်ယူ၍ တရုတ်သို့တစ်ဆင့်ခံပြန်လည်တင်ပို့နေကြောင်းသိရသည်။

လာအိုအစိုးရသည် အဆိုပါကုမ္ပဏီကို တရုတ်သို့ ဆန်တန်ချိန် ၂၀၀၀၀၊ ကောက်ညှင်းဆန်တန်ချိန် ၁၀၀၀၀ နှင့် ပြောင်းတန်ချိန် ၅၈၀၀၀ ခန့် တင်ပို့ရန် ခွင့်ပြုပေးထားကြောင်းသိရသည်။ တရုတ်အစိုးရက အဆိုပါကုန်စည်များကို ကိုတာစနစ်ဖြင့် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ တင်သွင်းခွင့်ပေးထားကြောင်းသိရသည်။ အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ခွင့်ကို စမ်းသပ်တင်ပို့မည်သဘောမျိုးဆောင်ရွက်လိုကြောင်း၊ အကယ်၍ စမ်းသပ်တင်ပို့မှုအောင်မြင်လျှင် ပိုမိုတိုးမြှင့်တင်ပို့သွားရန်ရှိကြောင်း၊ နောက်ပိုင်းတွင် လာအိုနှင့်ထိစပ်နေသည့် ရှမ်းပြည်ဒေသကထွက်ရှိသည့် ဆန်၊ ပြောင်း စသည့်သီးနှံများကိုလည်း ပြည်ပသို့တစ်ဆင့်ခံပြန်လည်တင်ပို့လိုကြောင်း ဆွေးနွေးခဲ့သည်ဟုသိရသည်။

ထို့ပြင် မြန်မာ့စိုက်ပျိုးရေးအတွက်လည်း နည်းပညာကူညီချင်ကြောင်း၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားက

ဖြတ်သန်းပြီး တရားဝင်ကုန်သွယ်မှု ခွင့်ပြုမည့်အချိန်တွင်လည်း မြန်မာ-လာအို အပြင် လာအုမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစနစ်ဖြင့် ကုန်သွယ်မှု ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့သည်။ မြန်မာနှင့် လာအိုကုန်သွယ်မှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကန်ဒေါ်လာ သုည ဒသမ ၁၉၄၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သုည ဒသမ ၂၃၆ ရှိကြောင်း သိရသည်။ မြန်မာ-လာအိုချစ်ကြည်ရေး မယ်ခေါင်မြစ်ကူးတံတားကို စီမံခန့်ခွဲမှုဆိုင်ရာ နှစ်နိုင်ငံကသဘောတူညီမှုစာချုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့က နေပြည်တော်တွင် ဩဂုတ် ၅ ရက်က လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာ- လာအိုချစ်ကြည်ရေးတံတားမှတစ်ဆင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုပြုနိုင်ပြီး ယခင်က တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလမ်းကြောင်းမှာ မယ်ခေါင်မြစ်ကြောင်းအသုံးပြု၍ ကုန်သွယ်နေခြင်း ဖြစ်သည်။

**Source:** https://www.thefarmermedia.com/news/14344

## ထိုင်းသို့ အခွန်လွတ်ဖြင့် ပြောင်းတန်ချိန် တစ်သိန်းတင်ပို့ရန် ယခုလလယ်၌ လက်မှတ်ရေးထိုးမည်



၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း ထိုင်းသို့ ပြောင်းတန်ချိန် တစ်သိန်းတင်ပို့ရန် ယခုလလယ်၌ လက်မှတ်ရေးထိုးမည်ဖြစ်ပြီး အခွန်လွတ်တင်ပို့ရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း ဦးမင်းခိုင်ကပြောသည်။ “ဒီလ ၁၅ ရက်၊ ၁၆ ရက်မှာ MoU ထိုးပြီးတာနဲ့စပို့မယ် အခွန်ကတော့ မြန်မာနိုင်ငံဘက်က ကုန်သွယ်ခွန် နှစ်ရာခိုင်နှုန်းပဲရှိတယ်။ ဟိုဘက်ကတော့ အာဆီယံအခွန်မဲ့ဇုန်ထဲမှာပါတဲ့အတွက် ထိုင်းက အခွန်သုညရာခိုင်နှုန်းပါပဲ” ဟု ၄င်းက ပြောသည်။ ထိုင်းနိုင်ငံဘက်က ပြောင်းတန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့ပေးရန်တောင်းဆိုထားသော်လည်း မြန်မာနိုင်ငံဘက်မှ ပြည်တွင်းသုံးမည့် ပမာဏဖြင့်ချိန်တွက်၍ လတ်တလော၌ ပြောင်းတန်ချိန် တစ်သန်းဝန်းကျင်သာ ကနဦးပို့ပေးရန် သဘောတူထားသေးကြောင်း သိရသည်။

ထိုင်းနိုင်ငံမူဝါဒအရ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြည်ပမှ ပြောင်းတရားဝင် တင်သွင်း ခွင့်ရှိသော်လည်း စက်တင်ဘာလမှ ဇန်နဝါရီလအထိ ငါးလကိုမူ တင်သွင်းခွင့်ပိတ်ထားပြီး ၄င်းကာလ၌ တင်သွင်းပါက အခွန် ၇၃ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ထို့ကြောင့် ထိုင်းနိုင်ငံက ၄င်းတို့၏ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သတ်မှတ်၍ အခွန် သုည ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံဘက်က တင်ပို့ခွင့်ရရှိရန် ညှိနှိုင်းခဲ့ရခြင်းဖြစ်သည်။ “တစ်နှစ်အတွင်း ပြောင်းတန်ချိန်တစ်သန်းလောက် တင်ပို့မှာဖြစ်တယ်။ ပိတ်ထားတဲ့ငါးလမှာကျ အခွန် ၇၃ ရာခိုင်နှုန်းကောက်မယ်ဆိုရင် ဘယ်လိုမှပို့လို့မရဘူး။ ကျွန်တော်တို့ပြောင်းတွေကို အလကားပေးလိုက်ရသလိုဖြစ်မှာပေါ့” ဟု ရှာင်ဒေသပြောင်းလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

လက်ရှိတွင် ထိုင်းသို့ပြောင်းတင်ပို့ရာတွင် အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီနယ်စပ်ဂိတ် အရည်အသွေးနှင့်ပတ်သက်၍ တိတိကျကျသိရှိရန် ဆောင်ရွက်နေကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတွက် ပြောင်းတန်ချိန်သုံးသန်းခန့် ထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန် ၁ ဒသမ ၅ သန်းခန့်လည်း ရှိနေသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ၊ မဲဆောက်နှင့် လားရှိုးနယ်စပ်လမ်းကြောင်းကတစ်ဆင့် တရားဝင်တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ် အတွင်းက ထိုင်းသို့ပြောင်းတန်ချိန် ၄၇၀၀၀၀ ကျော်တင်ပို့ခဲ့သည်။ ယခင်က မြန်မာ့ပြောင်းကို အဓိကဝယ်နေသည့် တရုတ်နိုင်ငံက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစ၍ လျော့နည်းဝယ်ယူလာခြင်းကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်းတန်ချိန် ၁ ဒသမ ၅ သန်းကျော်၊ အမေရိကန် ဒေါ်လာသန်း ၂၇၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းအရသိရသည်။

**Source:** https://www.thefarmermedia.com/news/14345

## တရုတ်နိုင်ငံ အကောက်ခွန်ဌာနချုပ်မှ နိုင်ငံတော်သစ်သီးတင်သွင်းခွင့်ပြုမှု စာရင်းပြင်ဆင်



ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံ အကောက်ခွန်ဌာနချုပ် ဝက်ဆိုဘ်မှ တရုတ်နိုင်ငံအရည်အသွေးစစ်ဆေးရေးနှင့် ရောဂါပိုးမွှားကင်းစင်စစ်ဆေးရေးဌာနမှခွင့်ပြုသော လတ်ဆတ်သော သစ်သီးအမျိုးအစားနှင့် တင်ပို့မှုနိုင်ငံဒေသ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။ ယခုနောက်ဆုံးအကြိမ် (ဧပြီလ ၉ရက်) ပြင်ဆင်သော အမည်စာရင်းတွင် နိုဝင်ဘာလ (၁၀) ရက်နေ့က ခွင့်ပြုခဲ့သော ဥဇဘက်ကစ္စတန် သခွားမွှေးမှအပ မကြာသေးမီကာလက ခွင့်ပြုခဲ့သော အီဂျစ်စွန်ပလွံသီး(Date palm)၊ ပေါ်တူဂီ စပျစ်သီး၊ ဗီယက်နမ်မင်းဂွတ်သီး၊ တာဂျစ်ကစ္စတန်သံပုရာသီး၊ လာအိုဖရဲသီး၊ ချီလီသစ်တော်သီး၊ ဖိလစ်ပိုင်အုန်းသီး၊ စပိန်စပျစ်သီး၊ ပနားမားနာနတ်သီးများလည်း အမည်စာရင်းဝင်ဖြစ်ခဲ့ပြီး စုစုပေါင်းအမျိုးအစားသစ် (၁၀) မျိုး ထပ်တိုးခဲ့ကြောင်း သိရပါသည်။

**Source:** www.sohu.com

https://www.facebook.com/shweliayarnews/

## အိန္ဒိယနိုင်ငံ၌ မတ်ပဲတန်ချိန် ၂.၅ သိန်းအား တိုးမြှင့်တင်သွင်းခွင့်ပြုခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲ တင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို မူလက တန်ချိန် ၁.၅ သိန်း သတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် ၂.၅ သိန်း တိုးမြှင့်တင်သွင်းခွင့် ပြုမည်ဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာန ( DGFT ) က ၁၉.၁၂.၂၀၁၉ နေ့တွင် Trade Notice No.43/2019–2020 ဖြင့် ကုန်သွယ်ရေးအသိပေးချက် ထုတ်ပြန်လိုက်ပါသည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြား ကုန်သွယ်မှုမူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှ စတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနကသတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကိုတာတန်ချိန် ၄ သိန်းအထိ ကန့်သတ်တင်သွင်းခွင့်ပြုလိုက်ကြောင်း၊ ယခုကန့်သတ်ချက်သည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေး ထိုးထားရှိသည့် နားလည်မှုစာချွန်လွှာ (MoU) များနှင့် သက်ဆိုင်ခြင်းမရှိကြောင်းဖော်ပြထားသည့် အမိန့်ကြော်ငြာစာကို ၁၈.၁၂.၂၀၁၉ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ DGFT ဌာနသည် အဆိုပါ အမိန့်ကြော်ငြာစာအရ ကုန်သွယ်မှု အသိပေးချက်ကို ထပ်ဆင့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး တိုးမြှင့်တင်သွင်းခွင့်ပြုမည့် မတ်ပဲ တန်ချိန် ၂.၅ သိန်းအား ပြည်တွင်းရှိ ပဲခွဲစက်နှင့် ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများသို့ တင်သွင်းခွင့်ကိုတာများ ခွဲဝေချထားပေးမည်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်မှ ၃၁ ရက်နေ့ အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း၊ ထပ်တိုး မတ်ပဲ ကိုတာ တန်ချိန် ၂.၅ သိန်းအား တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများသည် ၃၁.၃.၂၀၂၀ နေ့ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းသို့ အရောက် တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီမြို့**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသများသို့ ကုန်စည်များသယ်ယူပို့ဆောင်ရာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၎င်း၏ ဆိပ်ကမ်းများ အသုံးပြုခွင့်ပြုမည်

အိန္ဒိယအစိုးရသည် နိုင်ငံ၏အရှေ့မြောက်ဘက်ဒေသရှိ ကုန်းတွင်းပိတ်ပြည်နယ်များအတွက် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်စည်များသယ်ယူပို့ဆောင်နိုင်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိရာ နှစ်နိုင်ငံရေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းများအကြား သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း Economic Times သတင်းဌာနက ရေးသားဖော်ပြခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ နယူး ဒေလီမြို့သို့

လာရောက်သည့်ခရီးစဉ်အတွင်း အိန္ဒိယအရှေ့မြောက်ဒေသပြည်နယ်များမှ ကုန်စည်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆိပ်ကမ်းများမှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operating Procedures) အပေါ် သဘောတူ ညီမှုရရှိခဲ့သည်။ ထို့နောက် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နှစ်နိုင်ငံ ပင်လယ်ရေကြောင်းပို့ဆောင်ရေးဌာနများမှ အတွင်းဝန်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်ဘက်မှ Mr. Md. Abdus Samad နှင့် အိန္ဒိယ ဘက်မှ Mr. Gopal Krishna တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Chittagong သို့မဟုတ် Mongla ဆိပ်ကမ်းတို့မှတစ်ဆင့် လမ်းကြောင်း (၇) ခုဖြင့် အိန္ဒိယအရှေ့မြောက်ဒေသ ပြည်နယ်များသို့ ကုန်စည်နှင့်ခရီးသည်များအား ဆက်သွယ်ပို့ဆောင်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆိပ်ကမ်းများ၊ ရေလမ်းကြောင်းနှင့် ကားလမ်းကြောင်းများအား အသုံးပြုရာတွင် နှစ်နိုင်ငံ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံဘက်မှ ကုန်စည်များအတွက် အကောက် ခွန်ပေးဆောင်ရန် မလိုအပ်သော်လည်း ဘင်္ဂလားဒေ့ရှ်၏ သတ်မှတ်အခွန်အခနှုန်းထားများအတိုင်း ဆိပ်ကမ်းခ၊ လမ်းအသုံးပြုခများကို ပေးဆောင်ရမည်ဖြစ်သည်။ ဤသို့ သယ်ယူပို့ဆောင်မှုအား စတင်မည့်နေ့ရက်ကို သတ်မှတ်နိုင်ခြင်းမရှိသေးသော်လည်း Mr. Md. Abdus Samad ၏ ပြောကြားချက်အရ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် စမ်းသပ်လုပ်ဆောင်ဖွယ်ရာရှိကြောင်းသိရှိရသည်။

**စီးပွားရေးသံမှူး-နယူးဒေလီမြို့**

**Source:** **Bangladesh to allow transhipment of Indian goods from January sans custom duties, transit fees, 19 Dec 2019, Economic Times**

## Thura News Views

**Beach near Yangon slated for tourism development**

The Yangon Region Government has added a beach just south of Yangon to Myanmar's growing list of coastal development projects. Sel Ein Tan coastal area, which includes Letkhokkon Beach, will receive upgraded infrastructure in a bid to attract more tourists to its beaches and mangrove forests, Yangon Region Tourism Minister Daw Naw Pan Thinzar Myo announced.

The site, a mere two hours drive from the city of Yangon, has always been a popular destination for local day-trippers, with a government-estimated 1500 visitors each week. However, infrastructure is relatively minimal, especially contrasted with destinations like Ngwe Saung and Ngapali Beach. The new plan aims to draw in more foreign and higher-end tourists.

Meanwhile, the Ministry of Hotels and Tourism and various state and regional ministries have been working to improve tourism development in coastal areas around the country, whose scenic beaches have relatively few quality roads, power connections and other basic infrastructure. The government is investing heavily in the airport and roadways in and around Dawei, in Tanintharyi Region, and has green-lit several new resorts along its coast. On the western shore, the government is planning an ambitious project called "The Orbit" that will establish hotels, restaurants and other tourism developments on an area of coastline stretching from Nga Yote Kaung, Ayeyarwaddy Region, to Gwa, Rakhine State. That project coincides with a new bridge that will connect Ayeyarwaddy with Rakhine State next year.

**Mandalay to upgrade street lights and signs**

The streets of Mandalay will soon be alight with thousands of new lights, and marked with new signs, city officials said. U Zaw Win, of the Mandalay City Development Committee (MCDC), said the city will install around 10,000 new street lights, which will cost MMK 1.7 billion. MMK 1 billion of that has come from donations by

individuals and corporations, according to the Myanmar Times. This statement comes shortly after U Ye Lwin announced the installation of 15,000 new street signs, paid for with MMK 900 million in donations. Around 7200 lamp posts of the proposed 10,000 have already been installed, said MCDC. "Because of the lamp posts, the city has become more beautiful at night, generating more activity and livelihood opportunities for people," U Kyaw San Myint, another MCDC official, told the Myanmar Times.

The new lights and signs are the latest in a series of infrastructure improvements. In September, years of improvements in digitization and IT infrastructure helped Mandalay win the 2019 Smart City Award from the Asian-Oceanian Computing Industry Organization. These improvements seem to be boosting the economy. Property values in the city are on the rise, and this year the city saw more tourists than ever, most of them from China.

**European business is optimistic**

The 2019 Euro Cham Myanmar Business Confidence Survey showed that confidence is relatively high among European firms in Myanmar. The European Chamber of Commerce, or Euro Cham, calls its survey "one of the key references for current and prospective investors." This year, it showed that around one third of the 74 participating firms believe the Myanmar business environment had "improved" or "greatly improved," a 19 percent rise from the 2018 survey. Indeed, 82 percent of participants expected their businesses to grow in coming years.

The confidence might be an indication that investors from the West are warming up to the Myanmar business world after a period of uncertainty following the human rights crisis on the country's western border. The positive survey results come despite a UN call for a boycott of all military-affiliated business, renewed US sanctions against top military officials, and formal charges of genocide brought before the International Court of Justice against Myanmar.

**Genocide accusations threaten deal of Myanmar Beer partner**

Myanmar's global political woes have become a thorn in the side of a major foreign investor.

A bid by Japanese conglomerate Kirin International Holdings to buy an American beer brand has come under fire thanks to Kirin's stake in Myanmar Brewery, which it shares with the Myanmar-backed Myanmar Economic Holdings Limited. Kirin plans to acquire New Belgium, a notable American beer maker. But an open letter by two ethnic Karen refugee organizations has called for New Belgium employees to speak out against the deal.

"Most of us sought protection in the USA to escape from the Burmese army's campaigns of ethnic cleansing that targeted Karen and other ethnic minorities," says the letter, which was submitted by the Karen Community of North Carolina, the Karen Organization of America and Inclusive Development International. "The Burmese state and its key actors have committed genocide against the Rohingya people of Burma, and crimes against humanity against other ethnic minorities, including the Karen."

The collapse of a major deal for Kirin would be the first significant victory for the global boycott against army-linked businesses, recommended by the UN in August. For now, however, New Belgium plans to move forward with the deal. In a statement sent to The Colorodan, a publication in the state of Colorado, where New Belgium is based, the beer maker said that while the letter "gave [New Belgium] pause, we believe Kirin's commitment to human rights aligns with our mission and we remain fully committed to our core values and beliefs."

TIR

**Major oil and gas block enters first development stage**

An initial deal has been inked to exploit Myanmar's A-6 offshore block. The development stands to be ASEAN's first ultra-deepwater development, claims project partner MPRL E&P Operator Co.

Contracts were signed between the Myanma Oil & Gas Enterprise (MOGE), MPRL E&P, Woodside Energy, Australia's larges natural gas producer, and Total SA, French oil and gas firm. The contracts established the financial infrastructure for extracting, transporting and refining liquid natural gas from 10 wells at depths between 2000 and 3000 meters. The Ministry of Electricity and Energy claims it can begin distributing gas produced at the site as early as 2023. In addition to the financial framework, the project has entered the early technical planning stages, a.k.a the "pre front end engineering and design" phase.

"The A-6 Development will generate a significant long-term revenue stream for the country and pay taxes and royalties to the Government of Myanmar," Woodside executive VP of development Meg O'Neill said in a statement.

The long-awaited development could be a much-needed windfall for Myanmar's energy needs. The government is relying on liquid natural gas to fill its short-term energy gaps, and recently awarded five emergency LNG tenders to Hong Kong supplier V Power Group. Industry experts criticized those tenders for their tough and steep penalties for not reaching them. However, a shortage of LNG may lead to widespread blackouts as Myanmar enters its hot season. In the long term, the country aims to supply 100 percent of its population with electricity by 2030, an endeavor that will require around USD 30 billion of investment.

**Source: Thura Swiss News (Issue 396 December 19, 2019)**

## STOCK EXCHANGE (20.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,000 | 642 | 7,299,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 764 | 2,904,600 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 5 | 41,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 501 | 11,273,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 45 | 128,500 | 12,823,224 | 36,546 |


## Market summary

As of 20th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 467.65 | +1.71 | +0.37% | 465.94 | 467.65 | 455.90 | 1,957 | 21,646,600 | 5 | 640,365 |

### Index chart




# Market Overview

As of 1:00 pm, 20th Dec. 2019

| MYANPIX | 467.65 ▲1.71 |
|---|---|
| Total Volume (shares) | 1,957 |
| Total Value (MMK) | 22 mil |
| Listed Company | 5 |
| Market Cap. (MMK) | 640,365 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 50 |